# ၁၉၃၀ မှ ၁၉၄၅ အတွင်း
# မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှု
# ပါရဂူ (Ph.D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မနှင်းနှင်းရည်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာပုံရေစီးကြောင်းကို လေ့လာအားထုတ်တင်ပြသည့် ကျမ်းဖြစ်ပါသည်။ ဤကျမ်းကို အခန်း (၆) ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။ အခန်း (၁) တွင် ၁၉၃၀ မှ ၁၉၄၅ အတွင်း ခေတ်ကာလနောက်ခံအခြေအနေများကို ဖော်ပြထားသည်။ အခန်း (၂) တွင် ၁၉၃၀ မှ ၁၉၄၅ အတွင်း မြန်မာဝတ္ထုရှည် ဖွံ့ဖြိုးတိုးတက်မှုကို တင်ပြထားပါသည်။ အခန်း (၃) တွင် ၁၉၃၀ မှ ၁၉၄၅ အတွင်း မြန်မာဝတ္ထုတို ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာတင်ပြထားသည်။ အခန်း (၄) တွင် ၁၉၃၀ မှ ၁၉၄၅ အတွင်း မြန်မာကဗျာဖွံ့ဖြိုးတိုးတက်မှုကို စိစစ်လေ့လာထားပါသည်။ ဤအခန်းတွင် မြန်မာကဗျာကို ကဗျာလင်္ကာအဖွဲ့များနှင့် ဂီတစာပေ(သီချင်း)အဖွဲ့များဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြထားပါသည်။ အခန်း (၅) တွင် ၁၉၃၀ မှ ၁၉၄၅ အတွင်း မြန်မာပြဇာတ်စာပေ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာတင်ပြထားပါသည်။ အခန်း (၆) တွင် စကားပြေအထွေထွေဟူသော ခေါင်းစဉ်ဖြင့် သတင်းစာ၊ အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း၊ ရသစာတမ်းနှင့် စကားပြေကျမ်းဟူသော ကဏ္ဍငါးရပ်ကို စုပေါင်းကာ တင်ပြထားပါသည်။ ထို့နောက် အခန်း (၆) ခန်းစလုံးကို ခြုံငုံ၍ ၁၉၃၀ မှ ၁၉၄၅ အတွင်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုကို ခြုံငုံသုံးသပ်တင်ပြထားပါသည်။